မြင်းတွင်းကျေးရွာအုပ်စု၊ ရေခေါင်းတိုကျေးရွာ

ပင်လောင်းမြို့နယ်



ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်(၂၀၂၃-၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ

ရေခေါင်းတိုကျေးရွာ၊ မြင်းတွင်းကျေးရွာအုပ်စု၊ ပင်လောင်းမြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀)ရက်

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ	
		မှ	ထိ
၁	စကားချီး	၂	၃
၂	ကျေးရွာ၏ သယံဇာတပြမြေပုံ	၄	၄
၃	ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်	၅	၅
၄	ကျေးရွာ၏အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ	၆	၆
အပိုင်း(၁) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ			
၆	တည်နေရာနှင့် ပထဝီအနေအထား	၇	၇
၇	ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ	၇	၇
၈	ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ	၇	၈
၉	စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ	၈	၈
	(က) သီးနှံစိုက်ပျိုးရေး	၈	၈
	(ခ) မွေးမြူရေးလုပ်ငန်း	၈	၈
	(ဂ) ငါးလုပ်ငန်း	၈	၈
	(ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၈	၉
	(င) ဘဏ်နှင့် ငွေးကြေးဆိုင်ရာဝန်ဆောင်မှု	၉	၉
၁၀	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	၉	၉
၁၁	ပညာရေး	၁၀	၁၀
၁၂	ကျန်းမာရေး	၁၀	၁၀
၁၃	ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၁	၁၁
၁၄	ကျား-မရေးရာ	၁၁	၁၂
၁၅	ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ	၁၂	၁၃
အပိုင်း (၂) စီမံချက်ဆိုင်ရာအချက်အလက်များ			
၁၆	ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	၁၄	၁၄
နောက်ဆက်တွဲများ			
၁၇	ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ	၁၅	၁၅
၁၈	ကျေးရွာဖွံ့ဖြိုးရေးဗျူဟာဘည်ဆောက်မှု အခြေပြဇယား	၁၅	၁၆

စကားချီး

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်သည် ၂၀၂၃/၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၇/၂၀၂၈ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာလူထုများကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများနှင့် ရန်ပုံငွေပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပင်လောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ စီမံကိန်းတာဝန်ခံဝန်ထမ်းများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ထပ်ဆင့်ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သော နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်သော နည်းလမ်းကို အသုံးပြု၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အစီအစဉ်ရေးဆွဲနိုင်ရေးအတွက် ကျေးရွာ၏ဖွံ့ဖြိုးရေးစိတ်ပါဝင်စားပြီး ရေးတတ်ဖတ်ကျွမ်းကျင်သူ ကျေးရွာ(၁)ရွာလျှင် လူငယ်(၂)ဦးစီအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ သင်တန်းတက်ရောက်၍ ကျေးရွာဖွံ့ဖြိုးရေးစီမံချက် များရေးဆွဲရာတွင် အထောက်အပံ့ဖြစ်စေရန် ပါဝင်ကူညီဆောင်ရွက်စေခဲ့ပါသည်။ ဤလုပ်ငန်းစဉ်များကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်းများ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာန ဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။


ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေး အခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအခြေအနေများပါဝင်ပြီး၊ အပိုင်း(ခ) သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ရေခေါင်းတိုကျေးရွာ၊ မြင်းတွင်းကျေးရွာအုပ်စု
ပင်လောင်းမြို့နယ်


ပင်လောင်းမြို့နယ်၊ မြင်းတွင်းကျေးရွာအုပ်စု၊ ရေခေါင်းတိုကျေးရွာသယံဇာတပြမြေပုံ



ပင်လောင်းမြို့နယ်၊ မြင်းတွင်းကျေးရွာအုပ်စု၊ ရေခေါင်းတိုကျေးရွာ ရာသီခွင်ပြပြကွဒိန်



ပင်လောင်းမြို့နယ်၊ မြင်းတွင်းကျေးရွာအုပ်စု၊ ရေခေါင်းတိုကျေးရွာ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ



ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

(၁) တည်နေရာအနေအထားနှင့် ပထဝီအနေအထား

ရေခေါင်းတိုကျေးရွာသည် ပင်လောင်းမြို့နယ်၏ အနောက်ဘက် (၂၄)မိုင်ခန့်အကွာ ပင်လောင်း-အောင်ပန်း-ကလော ပြည်ထောင်စုလမ်းမကြီးဘေးတွင် တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေးအရ တစ်နှစ်ပတ်လုံး သွားလာနိုင်ရန် အနည်းငယ်ခက်ခဲပါသည်။ ရေခေါင်းတိုကျေးရွာသည် တောင်ပေါ်(ကုန်းမြင့်) ဒေသဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပါသည်။ စပါး၊ ပြောင်း၊ လက်ဖက်နှင့် ငရုတ်စသည့် သီးနှံများကို အဓိကထား စိုက်ပျိုးကြပါသည်။ မွေးမြူရေးလုပ်ငန်းနှင့် အခြား ဝင်ငွေရလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စုများ နည်းပါးပါသည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မ ၅၅ မှ ၆၅ ဝန်းကျင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် များစွာအထောက်အကူပြုသည်။ ကျေးရွာတည်ရှိမှု တောင်ပေါ်(ကုန်းမြင့်) ဒေသဖြစ်ခြင်းကြောင့် မိုးများပြီး အေးမြစွတ်စိုသော ရာသီဥတုဖြစ်ပါသည်။

(၂)ရာသီဥတု နှင့်သဘာဝအရင်းအမြစ်

ရေခေါင်းတိုကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို မိုးရာသီကာလတွင် အဓိကထား လုပ်ကိုင်ကြပြီး ကျန်ကာလများတွင် ရေသွင်းစိုက်ပျိုးနည်းစနစ်ဖြင့် ရာသီအလိုက် လုပ်ကိုင်နိုင်သောကြောင့် စိုက်ပျိုးရေး အသင့်အတင့်ဖြစ်ထွန်းသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် သဲတောင်များတည်ရှိပြီး ကျေးရွာ၏ အနောက်ဘက်တွင် ထင်းရူးတောင်နှင့် တောင်ယာစိုက်ခင်းများ ရှိပါသည်။ တောင်ဘက်တွင် စိမ်းစမ်း၊ ရေချောင်းတည်ရှိပြီး မြောက်ဘက်တွင် လယ်ယာမြေများနှင့် တောင်ယာစိုက်ပျိုးမြေများ တည်ရှိပါသည်။ ကျေးရွာအတွင်း လယ်မြေအတန်အသင့်ရှိပြီး မြေဆီလွှာ အသင့်အတင့် ကောင်းမွန်ပါသည်။ တောင်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပြီး ယာ/တောင်ယာမြေဧက (၅၃၉)ဧက၊ လယ်မြေ(၁၈)ဧကနှင့် ဥယျာဉ်ခြံမြေအသင့်အတင့် ရှိပါသည်။ စပါး၊ ပြောင်း၊ လက်ဖက်၊ ခရမ်းချဉ်သီးနှင့် ငရုတ်စသည့် သီးနှံများကို အဓိကထားစိုက်ပျိုးကြပါသည်။ ကျေးရွာအတွင်း သဘာဝတွင်းထွက် သယံဇာတများ မထွက်ရှိပါ။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာအတွင်း အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့(၁)ဖွဲ့၊ ဘာသာရေးဆိုင်ရာ အဖွဲ့(၂)ဖွဲ့၊ ကျန်းမာရေး(၁)၊ ပညာရေး(၁)ဖွဲ့နှင့် အပျို/လူပျိုများနှင့် မီးလင်းရေးကော်မတီ၊ ကျေရွာဖွံ့ဖြိုးရေးကော်မတီ စသည့် အဖွဲ့အစည်းများရှိပြီး Proximity၊ Pact Myanmar နှင့် မဟာချေးငွေကဲ့သို့သော ချေးငွေဆိုင်ရာ အသင်းအဖွဲ့ များ ရှိပါသည်။ ကျေးရွာအတွင်း ဖွဲ့စည်းထားသည့် အစုအဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်ရာ ကဏ္ဍအလိုက်ဖြစ်သည့် လုပ်ငန်းတာဝန်များအား တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြပါသည်။ ပြင်ပမှ လူမှုရေးအဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်မှု အတန်အသင့် ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ သက်ဆိုင်ရာဌာနဆိုင်ရာ အဖွဲ့အစည်းအနေဖြင့် မြို့နယ်ကျေးလက်ဦးစီးဌာနနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်

ပညာရေးဌာနမှ ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးကြပါသည်။

(၄) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ အသင့်အတင့်ရှိသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စု၏(၈%)သည် အလွန်ဆင်းရဲ၊ (၈၁.၃%)သည် ဆင်းရဲ၊ (၁၀%)သည် အလယ်အလတ် အိမ်ထောင်စုနှင့် (၀.၇%)သည် အဆင်ပြေသောအိမ်ထောင်စုအဖြစ် သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်မြေပိုင်ဆိုင်မှုနှင့် လက်လှမ်းမှီမှုအနည်းငယ်သာ ရှိပါသည်။ ကျေးရွာအတွင်း စိုက်ပျိုးရေးသုံးစက်ကိရိယာ ပိုင်ဆိုင်မှု အနေဖြင့် တစ်ဦးချင်းပိုင် ထွန်စက်(၃)စီး၊ လက်တွန်းထွန်စက်(၁၀)စီး၊ မြက်ရိတ်စက်(၅)လက်နှင့် ရေစုပ်စက(၃၃)လုံးရှိပါသည်။ ကျန်အိမ်ထောင်စုများအနေဖြင့် ငှားရမ်းအသုံးပြုကြရပါသည်။ ရာသီအလိုက်သီးနှံများ စိုက်ပျိုးရောင်းချမှုများကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်အတင့်ကောင်းသည်ဟု ပြောနိုင်ပါသည်။ သို့သော် သီးနှံပေါ်ချိန်တွင် ဈေးနှုန်းများကျဆင်းမှု၊ မြေဩဇာများ ဈေးနှုန်းမြင့်မားမှုနှင့် ဈေးကွက် လက်လှမ်းမီမှု နည်းပါးခြင်းများကြောင့် အမြတ်ရရှိမှု နည်းပါးပါသည်။ စိုက်ပျိုးရေး လုပ်ကိုင်သည့် အိမ်ထောင်စုများအပြင် အချို့သောအိမ်ထောင်စုတွင် လက်သမား၊ ပန်းရံ၊ အရောင်း အဝယ်နှင့် စိုက်ပျိုးရေးနွေစားစသည့် ကျပန်းလုပ်ငန်းများတွင်လည်း ဝင်ရောက်လုပ်ကိုင်ကြပါသည်။ ပြည်တွင်းအခြား ဒေသများသို့ စိုက်ပျိုးရေး၊ ဆောက်လုပ်ရေးလုပ်ငန်းများတွင် သွားရောက်လုပ်ကိုင်သည့် အိမ်ထောင်စုအချို့ လည်း အဆင်ပြေကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ရေခေါင်းတိုကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းအတွက် ကျွဲ၊ နွားများကို မွေးမြူမှုများပြားပြီး အိမ်ထောင်စု(၇၃)စုမှ နွား(၁၅၄)ကောင်နှင့် အိမ်ထောင်စု(၂၉)စုမှ ကျွဲ(၅၃)ကောင်အထိ မွေးမြူထားကြောင်း ကျေးရွာအချက်အလက်ကောက်ယူမှုအရ သိရှိရပါသည်။ အခြားသော တိရစ္ဆာန်များအနေဖြင့် ရေ၊ မြေနေရာများရှိသော်လည်း မျိုးကောင်းမျိုးသန့်များရရှိနိုင်မှု မရှိခြင်း၊ ဈေးကွက်လက်လှမ်းမီမှု မရှိခြင်းနှင့် ဆောင်ရွက်ရန် ငွေကြေးအရင်းအနှီးများ၊ နည်းပညာများ မရှိခြင်းတို့ကြောင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းမရှိပါ။ စိုက်ပျိုးရေးကိုသာ ဘိုးစဉ်ဘောင်ဆက်လုပ်ကိုင်လာခြင်းကြောင့် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်လိုမှု မရှိကြပါ။

(ဂ)ငါးလုပ်ငန်း

ကျေးရွာတွင် နည်းပညာနှင့် စျေးကွက်လက်လှမ်းမီမှုများ၊ ငွေကြေးအရင်းအနှီးများ မရှိခြင်းနှင့် ရေ၊ မြေ၊ ရာသီဥတုအရ အေးမြသော တောင်ပေါ်ကုန်းမြင့်ဒေသဖြစ်ခြင်းကြောင့် လုပ်ကိုင်ရန်အဆင်မပြေသဖြင့် ငါးမွေးမြူရေးလုပ်ငန်းဆောင်ရွက်ခြင်း မရှိပါ။

(ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောလုပ်ငန်းများ

ရေခေါင်းတိုကျေးရွာတွင် အဓိကထုတ်ကုန်လုပ်ငန်းမရှိပါ။ ပန်းရံ၊ လက်သမားများ ၏ ဆရာအဆင့်မှာ ၈၀၀၀/ကျပ်မှ ၁၂၀၀၀/ကျပ်အထိ ရကြပါသည်။ အလုပ်ကြမ်းသမား အဆင့်မှာ ၈၀၀၀/ကျပ်မှ ၁၀၀၀၀/ကျပ်အထိ ရရှိကြပါသည်။ သီးနှံများ ခူးဆွတ်ရိတ်သိမ်းချိန်များ အခြားသော ကျေးရွာအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ချိန်များတွင် အမျိုးသားများနှင့်တန်းတူ အမျိုးသမီးများလည်း တစ်နေ့လျှင် လုပ်အားခမှာ အမြင့်ဆုံး(၁၀၀၀၀မှ အနည်းဆုံး၈၀၀၀)ကျပ် အထိ ရရှိကြပါသည်။ ပြောင်း၊ ငရုတ်နှင့် မုန်လာထုပ်စသည့်သီးနှံများ ရိတ်သိမ်းရာတွင် တစ်ဧကလျှင် ရိတ်သိမ်းခ (၅၀၀၀၀) မှ(၈၀၀၀၀)ကျပ် အထိ ကုန်ကျ ရပါသည်။ လုပ်အားခရရှိမှုမှာ အမျိုးသားနှင့်အမျိုးသမီး တန်းတူညီမျှမှုရှိပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သူဦးရေ များပြားခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးနှင့် လူသားအရင်းမြစ်အတွက် အလားအလာကောင်းတစ်ရပ် ဖြစ်ပါသည်။ စက်ချုပ်သင်တန်း၊ ဇာထိုးပန်းထိုး၊ ဆံပင်နှင့်မိတ်ကပ် အလှပြင်သင်တန်း၊ မုန့်လုပ်ငန်း၊ ဆိုင်ကယ်ပြင်သင်တန်း၊ စက်ပြင်သင်တန်း၊ ဝါယာရိန်း၊ မိုဘိုင်း ဖုန်းပြင်၊ ကားမောင်း၊ အင်ဂျင် (ဝပ်လျော့)ပြင်သင်တန်းစသော အသက်မွေးဝမ်း ကျောင်းသင်တန်း များကို ကျေးရွာအတွင်း တတ်မြောက်မှု အနည်းငယ်သာရှိပြီး စနစ်တကျ သင်ယူမှုနည်းပါးခြင်း၊ သင်ယူလိုမှုအားနည်းခြင်းနှင့် စိုက်ပျိုးရေးလုပ်ငန်းကိုသာ တစ်စိုက်မတ်မတ် လုပ်ကိုင်ခြင်းကြောင့် ထိရောက်သော ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်ရရှိမှု အခွင့်အလမ်းနည်း ပါးပါသည်။

(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျွန်ုပ်တို့ကျေးရွာအနေဖြင့် မိသားစုစားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဝင်ငွေတိုးပွားရေးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ လက်လှမ်းမီမှု အနေဖြင့် Pact Myanmar၊ Proximity၊ မဟာချေးငွေကဲ့သို့သော ချေးငွေအဖွဲ့အစည်းများထံမှ လက်လှမ်းမီမှု အနည်းငယ်ရှိပြီး လိုအပ်ပါက မိတ်ဆွေ/မိဘဆွေမျိုးများထံမှ ချေးယူကြရပြီး အတိုးနှုန်းများပြားခြင်းနှင့် လိုအပ်သလောက် ချေးယူနိုင်ခြင်း မရှိခြင်းကြောင့် အခက်အခဲများ ကြုံတွေ့ကြရပါသည်။

(၅) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျွန်ုပ်တို့ကျေးရွာတွင် ကျေးရွာ၏ ဖွံ့ဖြိုးရေး၊ လူမှုရေးနှင့် သာရေး/နာရေးဆိုင်ရာ ကိစ္စများ ကျင်းပဆောင်ရွက်ရန်နေရာဖြစ်သော ကျေးရွာဘက်စုံသုံးခန်းမဆောင်မှာ လက်ရှိဆောင်ရွက်နေဆဲ ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာအနေဖြင့် လက်ရှိအချိန်တွင် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ကျေးရွာသူ/သားများ အသိပညာ ဗဟုသုတရရှိရေးအတွက် ကျေးရွာစာကြည့်တိုက် မရှိပါ။ ၂၀၁၇ခုနှစ်အတွင်း

နိုင်ငံတော်ထောက်ပံ့ရန်ပုံငွဖြင့် ကျေးရွာရှိ (၁၀၀'x၄၀'x၁၆')ရှိ မူလတန်းစာသင်ကျောင်းဆောင်အား ပြန်လည်မွမ်းမံတည်ဆောက်ခဲ့ပါသည်။ ကျောင်းဆောင်အတွက် ဆရာ/ဆရာမ ရုံးခန်းနှင့် ဝန်ထမ်းအိမ်ယာများ မရှိပါ။ ကျောင်းအားကစားကွင်း မရှိပါ။ သင်ကြားရေးထောက်ကူပြု ပစ္စည်းများနှင့် ကျောင်းသုံးပရိဘောဂပစ္စည်းများလည်း လုံလောက်မှုမရှိပါ။ ကျေးလက်ကျန်းမာရေး ဌာနလည်း မရှိသေးပါ။ ကျေးလက်ကျန်းမာရေးဌာနအတွက် လက်ပံပင်ကျေးရွာသို့ သွားရောက်ကြ ရပြီး အရေးပေါ်ကိစ္စရပ်များအတွက် တီကျစ်တိုက်နယ်ဆေးရုံနှင့် ပင်လောင်းမြို့နယ် ပြည်သူ့ဆေးရုံ သို့ သွားရောက်ကြရပါသည်။ ကျေးရွာအတွင်း ကျေးရွာအုပ်ချုပ်ရေးမှူးရုံးမှာ မရှိသေးပါ။ ကျွန်ုပ်တို့ကျေးရွာသို့သွားသည့် ရွာချင်းဆက်လမ်းများသည် ကျောက်ချောလမ်း ကိုယ်ထူကိုယ်ထ ဆောင်ရွက်ခင်းကျင်းထားသည်မှာ အချိန်ကာလကြာမြင့်ပြီ ဖြစ်သောကြောင့် တစ်နှစ်ပတ်လုံး သွားလာရန် အနည်းငယ်ခက်ခဲပါသည်။ ကျေးရွာတွင်းလမ်းများအားလုံးသည်လည်း ကျောက်ချော လမ်းဖြစ်ပြီး ရာသီအလိုက်သွားလာရန် နိုင်ပါသည်။ ကျေးရွာ၏မီးလင်းရေးအနေဖြင့် မဟာဓာတ် အားလိုင်းမှ လျှပ်စစ်မီးကို ၂၀၁၈ခုနှစ် နိုဝင်ဘာလအတွင်း စတင်သွယ်တန်း၍ အိမ်ထောင်စု(၈၅%) တပ်ဆင်အသုံးပြုနေပြီးဖြစ်ပါသည်။ဆက်သွယ်ရေးနှင့် ပတ်သက်ပြီး ဖုန်းလိုင်း၊ အင်တာနက်လိုင်း ကောင်းမွန်မှု ရှိပါသည်။ ကျေးရွာသူ/သားများအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးကဏ္ဍတွင်များစွာ စိတ်ပါ ဝင်စားလျက်ရှိပြီး အကောင်အထည် ဖော်ဆောင်ရွက်သော လုပ်ငန်းအားလုံး၌ ပြီးမြောက်အောင် မြင်အောင် ဆောင်ရွက်တတ်ကြပါသည်။

(၆) ပညာရေး

ကျွန်ုပ်တို့ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းကို ၂၀၁၇ခုနှစ်တွင် (အလျား၁၀၀ပေx အနံ၄၀ပေxအမြင့်၁၆ပေ)ရှိ အုတ်စီ၊သွပ်မိုး၊ကွန်ကရစ်ခင်းခြင်းများဖြင့် အသစ်ပြန်လည်မွမ်းမံ တည်ဆောက်ခဲ့ပြီး စုစုပေါင်းကြမ်းခင်း ဧရိယာ(၅၃၀၀၀)စတုရန်းပေ ကျယ်ဝန်းပါသည်။ ကျောင်းသုံး ပရိဘောဂပစ္စည်းများ၊ သင်ထောက်ကူပစ္စည်းများနှင့်အားကစားဆိုင်ရာပစ္စည်းများ မလုံလောက်ပါ။

ပညာရေးဝန်ထမ်းအနေဖြင့် အစိုးရခန့် ဆရာမ(၃)ဦးနှင့် ကျေးရွာလူထုခန့် ဆရာမ(၁)ဦး၊ ရှိပါသည်။ကျွန်ုပ်တို့ကျေးရွာတွင် လက်ရှိ ၂၀၂၃ ခုနှစ်အထိ ကျောင်းတက်နှုန်း မူလတန်း(၃၄၅)ဦး၊ အလယ်တန်း(၁၉၁)ဦး၊ အထက်တန်း(၁၁)ဦးနှင့် တက္ကသိုလ်/ကောလိပ်(၄)ဦး ပညာသင်ကြား နေကြပါသည်။ ရွာသူရွာသားများ အားလုံးနီးပါး စာရေးတက်၊ ဖတ်တက်ကြပြီး စာမတတ်သူ(၂၂)ဦး ရှိပါသည်။ ကျေးရွာ၌ ကျောင်းသား မိဘများအနေဖြင့် မိမိတို့၏ သားသမီးများကို ကျောင်းနေအရွယ် တွင် ကျောင်းအပ်နှံပြီး ပညာတတ်ဖြစ်စေသည့် အတွေး၊ အသိပညာများရှိခြင်းကြောင့် ပညာရေး အနေဖြင့် အတန်အသင့် ကောင်းမွန်မှုရှိပါသည်။

(၇) ကျန်းမာရေး

ကျွန်ုပ်တို့ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန မရှိပါ။ အနီးဆုံးကျေးလက်ကျန်းမာ ရေးဌာနမှ လက်ပံပင်ကျေးရွာတွင် ရှိပြီး (၁)မိုင် ကွာဝေးပါသည်။ကျေးရွာတွင် ဆေးဆိုင်များ မရှိပါ။

အရေးပေါ် ကိစ္စရပ်များအတွက် တိကျစ်တိုက်နယ်ဆေးရုံ၊ နောင်တရားတိုက်နယ်ဆေးရုံနှင့် ပင်လောင်းမြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက် ကုသကြပါသည်။ ကျေးရွာတွင် ကျန်းမာရေးဌာနမှ ကျေးရွာသူ/သားများ၏ ကျန်းမားရေးကိစ္စများ၊ ကာကွယ်ဆေးထိုနှံမှုတို့ကို ဆောင်ရွက်ပေးလျက် ရှိပါသည်။ ကျွန်ုပ်တို့ကျေးရွာသည် သောက်သုံးရေအတွက် ကျေးရွာ၏ အရှေ့တောင်ဘက်ရှိ စိမ့်စမ်းရေထွက်မှ သွယ်ယူ၍ သောက်သုံးကြပါသည်။ ချမ်းသာသောအိမ်ထောင်စုများက အိမ်သာကို အုတ်ဖြင့် ဆောက်လုပ်ကြပြီး ဆင်းရဲသောအိမ်ထောင်စုများက ဝါးရိုင်ပတ်ဖြင့် ဆောက်လုပ်သုံးစွဲကြသည်။ တစ်ရွာလုံးနီးပါး ယင်းလုံအိမ်သာသုံးစွဲကြသော်လည်း တကိုယ်ရည်သန့်ရှင်းမှုနှင့် ကျန်းမာရေးဆိုင်ရာ အသိဗဟုသုတနည်းပါးခြင်းကြောင့် ယင်ကြောင့် ဖြစ်ပွားတက်သော ဝမ်းပျက်ဝမ်းလျောရောဂါများ မကြာခဏဖြစ်ပွားတတ်ပါသည်။ စာသင်ကျောင်းများတွင်လည်း ယင်လုံအိမ်သာကို စနစ်တကျဆောက်လုပ်ထားသဖြင့် ကျောင်းသူ/သားများအတွက် အသုံးပြုရလွယ်ကူပါသည်။

(၈) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်ကျင်ထိန်းသိမ်းရေး

ကျွန်ုပ်တို့ကျေးရွာသည် တောင်ပေါ်(ကုန်းမြင့်)ဒေသဖြစ်၍ မိုးရာသီ၌ ရေကြီးခြင်း၊ ရေလွှမ်းခြင်းများ ကိုခံရခြင်းမရှိပါ။ ရန်ဖါရန်ခါ မိုးသီးကြွေကျခြင်း၊ လေပြင်းတိုက်ခတ်ခြင်းမှလွဲ၍ အခြားဘေးအန္တာရာယ် ကျရောက်မှုများမရှိပါ။ ကျေးရွာတွင် စပါး၊ ပြောင်း၊ ငရုတ်နှင့် မုန်လာသီးနှံစိုက်ခင်းများတွင် ဖျက်ပိုးများ ကျရောက်သဖြင့် ခါတုပိုးသတ်ဆေးများသုံးစွဲမှုများပြားလာခြင်း၊ ခါတုဓာတ်မြေဩဇာများ သုံးစွဲမှုများပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာပါသည်။ တောင်သူများအနေဖြင့် ခါတုဗေဒပိုးသတ်ဆေးများကို အသုံးပြုမှုများပြားလာခြင်းနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ် အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ စွန့်ပစ်မှုအားနည်းြင်းများကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နိုင်ပါသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်ပါ သည်။

၉။ ကျား/မရေးရာ

ကျေးရွာတွင် ကျား၊မရေးရာ ဆက်နွယ်မှုအနေအထားမှာ တည်ငြိမ်ကောင်းမွန်ပါသည်။ မိသားစုများတွင် ကျား၊မတို့၏ အခန်းကဏ္ဍအသီးသီးကို ရပ်ရွာသတ်မှတ်ချက်များအတိုင်း ကျင့်သုံးကြပါသည်။ ကျား၊မအကြားပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှု ခွဲခြားဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည်သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့် ဆိုင်သောကိန်းဂဏန်းများတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းများရှိ ကျား၊ မအရေ မှာ အလွန်ကွာခြားခြင်းမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်ပါသည်။ သို့သော်ကျေးရွာတွင် နေ့တွက်လုပ်အားခမှာ အမျိုးသားများက အမျိုးသမီးများနှင့် တန်းတူ ရရှိကြပါသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုတို့မှာ အလွန်နည်းပါးလျှက်ရှိသော်လည်း အခြားလူမှုရေးအသင်းအဖွဲ့များတွင် အသင့်အတင့် ပါဝင်ဆောင်ရွက်ကြပါသည်။ ကျား၊ မတန်းတူညီမှုနှင့် ပတ်သတ်၍ အသိပညာပေးခြင်းများကို

မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား၊ မတန်းတူညီမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

(၁၀) ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ကျွန်ုပ်တို့ကျေးရွာ၏ စီမံချက်အလိုက် ဦးစားပေးအစီအစဉ်များကိုဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုများသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ် အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ခဲ့ကြပါသည်။ တချို့စီမံချက်များရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာလူထုမှ ဦးစားပေးနှစ်အလိုက် ရွေးချယ်ထားသော ဖော်ထုတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများကို သက်ဆိုင်ရာဦးစီးဌာနများ၏ ဘတ်ဂျက်များတွင် လျာထားဆောင်ရွက်နိုင်ရေးအတွက် ဌာနနှင့် ကျေးရွာလူထုများမှ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

စဉ်	စီမံချက်အမည်	ဦးစားပေးအဆင့်	၂၀၂၃-၂၀၂၄	၂၀၂၄-၂၀၂၅	၂၀၂၅-၂၀၂၆	၂၀၂၆-၂၀၂၇	၂၀၂၇-၂၀၂၈
၁	ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်း	၁	√				
၂	စာသင်ကျောင်းဆောင်သစ်တည်ဆောက်ခြင်း	၂	√				
၃	ကျေးရွာတွင်းလမ်းကွန်ကာရစ်ခင်းခြင်း	၃		√	√		
၄	မူကြိုကျောင်းဆောင်သစ်တည်ဆောက်ခြင်း	၄			√	√	
၅	ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်ခြင်း	၅					

(၁၁) **ရေခေါင်းတို**ကျေးရွာ ဦးစားပေးလုပ်ငန်းများ အဆင့်ခွဲခြားသတ်မှတ်ချက်

စဉ်	စီမံချက်အမည်	အကဲဖြတ်အမှတ်ပေးသူ အဖွဲ့(၁)	အကဲဖြတ်အမှတ်ပေးသူ အဖွဲ့(၂)	အကဲဖြတ်အမှတ်ပေးသူ အဖွဲ့(၃)	အကဲဖြတ်အမှတ်ပေးသူ အဖွဲ့(၄)	အကဲဖြတ်အမှတ်ပေးသူ အဖွဲ့(၅)	စုစုပေါင်း	အဆင့်
၁	ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်း(၂၇"x၄၀"x၁၁")	၂၀	၂၀	၂၀	၂၀	၂၀	၁၀၀	၁
၂	စာသင်ကျောင်းဆောင်သစ်တည်ဆောက်ခြင်း (၁)ဆောင်	၁၉	၂၀	၂၀	၁၈	၂၀	၉၇	၂
၃	ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း ပေ(၁၅၀၀)	၁၉	၁၉	၁၉	၁၉	၁၉	၉၅	၃
၄	မူကြိုကျောင်းဆောင်သစ်တည်ဆောက်ခြင်း(၁)ဆောင်	၁၈	၁၈	၁၈	၁၈	၁၈	၉၀	၄
၅	ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်ခြင်း(၁/၀)မိုင်	၁၇	၁၇	၁၇	၁၇	၁၇	၈၅	၅

(၁၂) ရေခေါင်းတိုကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	တာဝန်	မှတ်ချက်
၁	ဦးစံရာ	ဦမောင်လှ	၁၃/နတရ(နိုင်)၀၇၀၀၈၀	ဥက္ကဋ္ဌ	
၂	ဦးမောင်ချမ်း	ဦးထုတ်	၁၃/နတရ(နိုင်)၀၁၉၂၁၈	အတွင်းရေးမှူး	
၃	ဦးခွန်မောင်ဝင်း	ဦးအောင်	၁၃/နတရ(နိုင်)၀၂၃၉၄၅	ဘဏ္ဍာရေးမှူး	
၄	နန်းသွယ်သွယ်ဝင်း	ဦးပေ	၁၃/ပလန(နိုင်)၁၅၀၁၀၃	စာရင်းကိုင်	
၅	ဦးအောင်လား	ဦးငွေကြီး	၁၃/ပလန(နိုင်)၀၂၃၉၄၅	အဖွဲ့ဝင်	
၆	နန်းဟွမ်	ဦးမောင်သောင်း	၁၃/ပလန(နိုင်)၁၅၄၃၂၅	။	
၇	နန်းစန္ဒာဝင်း	ဦးကီး	၁၃/ပလန(နိုင်)၁၃၈၂၈၇	။	

ရေခေါင်းတိုကျေးရွာ ဝယ်ယူရေးဆပ်ကော်မတီစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	တာဝန်	မှတ်ချက်
၁	ဦးစံရာ	ဦမောင်လှ	၁၃/နတရ(နိုင်)၀၇၀၀၈၀	ဥက္ကဋ္ဌ	
၂	ဦးခွန်မောင်ဝင်း	ဦးအောင်	၁၃/နတရ(နိုင်)၀၂၃၉၄၅	ဘဏ္ဍာရေးမှူး	
၃	နန်းသွယ်သွယ်ဝင်း	ဦးပေ	၁၃/ပလန(နိုင်)၁၅၀၁၀၃	စာရင်းကိုင်	

(၁၂) ရေခေါင်းတိုကျေးရွာ၊ မြင်းတွင်းကျေးရွာအုပ်စု ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်း	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	ကျေးရွာမှ သာရေး /နာရေး၊အစည်းအဝေး များ ပြုလုပ်ချိန်တွင် နေရာ အခက်အခဲရှိခြင်း	အများပိုင် ခန်းမနေရာ မရှိခြင်း	လုပ်အားထည့်ဝင်နိုင်ခြင်း ၊မြေနေရာရှိခြင်း	-ငွေကြေးအခက်အခဲ ရှိခြင်း	သက်ဆိုင်ရာဦးစီးဌာန နှင့်ချိတ်ဆက် ဆောင်ရွက်သွားပါ မည်။	ဘက်စုံသုံးခန်းမဆောင် ဆောက်လုပ်ခြင်း (၂၇”x၄၀”x၁၁”)
၂	စာသင်ကျောင်းဆောင် လုံလောက်မှုမရှိခြင်း	ကျေးရွာအိမ်ခြေများပြား ပြီး ကျောင်းနေအရွယ် ကလေးများတိုးပွားလာ ခြင်း	ကျေးရွာလူထုလုပ်အား ၊ ငွေကြေး ထည့်ဝင်နိုင်မှု နှင့် ကုန်ကြမ်းပစ္စည်းများ လွယ်ကူစွာရရှိနိုင်ခြင်း	ငွေကြေးအရင်းအနှီး နည်းပါးခြင်း	သက်ဆိုင်ရာဦးစီးဌာနှင့် ချိတ်ဆက်၍ ပူးပေါင်း ဆောင်ရွက် သွားပါမည်။	စာသင်ကျောင်းဆောင် သစ်တည်ဆောက်ခြင်း (၁၀၀”x၅၀”x၁၁”)
၃	ကျေးရွာတွင်းလမ်းများ မိုးရာသီချိန်တွင်သွား လာရခက်ခဲခြင်း	ကျေးရွာတွင်းလမ်းအား လုံးမြေသားလမ်းဖြစ် ခြင်း၊ လမ်းဘေးရေ မြောင်း မရှိခြင်း၊	ကျေးရွာတွင်ကျောက်၊သဲ များ ပေါများခြင်းနှင့် ငွေကြေး/လုပ်အားများ ထည့်ဝင်နိုင်ခြင်း	နည်းပညာအခက် အခဲ	သက်ဆိုင်ရာဦးစီးဌာနှင့် ချိတ်ဆက်၍ ပူးပေါင်း ဆောင်ရွက် သွားပါမည်။	ကျေးရွာတွင်းလမ်းကွန် ကရစ်လမ်းခင်းခြင်း ပေ(၁၅၀၀’x၁၂’x၇”)

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်း	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၄	ကလေးသူငယ်များ ပျော်စရာနေရာမရှိခြင်း	မူကြိုကျောင်းမရှိခြင်း	ကျေးရွာတွင်ကျောက်၊သဲများ ပေါများခြင်းနှင့် ငွေကြေး/လုပ်အားများထည့်ဝင်နိုင်ခြင်း	နည်းပညာအခက်အခဲ	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။	မူကြိုကျောင်းဆောင်တည်ဆောက်ပေးခြင်း (၁)ဆောင်
၅	ကုန်သယ်ယူမှုခက်ခဲခြင်း	မြေသားလမ်းဖြစ်နေခြင်း၊လမ်းကျဉ်းမြောင်းခြင်း	ကျေးရွာမြေပိုင်ရှင်များမှ မြေ ယာလှူဒါန်းနိုင်ခြင်း၊ စိုက်ပျိုးရေးအကျိုးပြုဇက များပြားခြင်း	- ကြေးနှင့်သက်ဆိုင်ဦးစီးဌာနများနှင့်ချိတ်ဆက်မှုအားနည်းခြင်း	သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။	-ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်ခြင်း(၁/၀)မိုင်